

တကယ်လို့မှုး
၁၀ - နှစ်မြှောက်

ပြန်ကြားခွင့်ပြုပါ

လောကတွင် အပူနှင့်အအေး၊ အချိုနှင့်အခါး၊ အပျော့နှင့်အမာ၊ အနိမ့် နှင့် အမြင့်၊ အနီးနှင့်အဝေး၊ အဖြူနှင့် အမဲ စသည် စသည်ဖြင့် ရှိကြသည်။ ထိုအထဲတွင်မှ ယခုကျနော်တင်ပြမည့် ဇာတ်လမ်းမှာ ချစ်တတ်သူနှင့် အချစ်ငတ်သူ၊ ချစ်လိုသူ နှင့် ချစ်ပိုသူ၊ ချစ်ဖူးသူ နှင့် ချစ်မူးသူတို့၏ ဇာတ်လမ်းပင် ဖြစ်ပါသည်။




ကျနော်တို့ဘဝသည် မြင်မြင်သမျှ ပါတ်ဝန်းကျင်ကို စေ့စေ့ငုငု ကြည့်၍ ဝေဖန်ရသည်၊ သုံးသပ်ရသည်။ ပြီးမှ တင်ပြရသည်။ ထိုသို့ မတင်ပြမသုံးသပ်မီလေ့လာစဉ်အခါမှာလဲ ပြဿနာတရပ်ကို ရှုဒေါင့်အမျိုးမျိုးမှ လှည့်ပတ် ကြည့်ပြီးမှ တင်ပြရပါသည်။



ယခု ကျနော့်ဇာတ်လမ်းသည် ကျနော့်ပါတ်ဝန်းကျင်လေး၏ အစိပ်အပိုင်းလေးတခု မှ ဖြစ်ပေါ်လာသော တကယ့်ဖြစ်ရပ်မှန်ဖြစ်ပါသည်။ ရေးပေးပါ။ ကျနော့်ဝေဒနာကို တင်ပြပေးပါဟု တောင်းဆိုလာသော ကျနော့်ညီငယ်၏ဆန္ဒကိုဖြည့်စွမ်းရင်း ဤဇာတ်လမ်းကို ရေးလိုက်ရပါသည်။




သူ့ဇာတ်ကြောင်းကို သူပြောသည့်အတိုင်း ကျနော်သိသည့် အတိုင်းရေးလျှင် ဝတ္ထုဇာတ်လမ်းဖြစ်မလာနိုင်၊ မည်သည့်အတ္ထုပ္ပတ္တိ မှဝတ္ထုဖြစ်မလာနိုင်၊ ကိုယ်ရေးရာဇဝင်သာဖြစ်မည်။



ထို့ကြောင့် ကျနော့်ညီငယ်၏ဆန္ဒပြည့်ပါစေတော့ဟု စေတနာဇောဖြင့် သူ့ဖြစ်ရပ်မှန် ကျနော်ပြောချင်သော (ဝါ) ကျနော့်စေတနာနှင့် အနုပညာဟင်းခပ်အမွှေးအကြိုင် လိုင်လိုင်ကြီး ခပ်ပြီး ဤတကယ်လို့များသို့မဟုတ် ချစ်တတ်သူများဆိုသည့် ဟင်းတခွက်ကို ချက်ပြုတ်ပြီး စားတော်ဆက်လိုက်ရပါသည်။ ပန်ကြားလိုက်ရပါသည်။ အစီရင်ခံလိုက်ရပါသည်။

စန္ဒရက်နှင့်ရိုက်နှင့်ရော၊ ရှင်မွေးလွန်းနှင့် မင်းနန္ဒရော၊ နတ်ရှင်နောင်နှင့် ဓာတုကလျာ၊ နဝဒေးနှင့် ရှင်နှောင်း စသည့် ချစ်မော်ကွန်းဝင် အချစ်သူရဲကောင်းများ အပြင်မည်သူမျှ ဆေးဘော် ကြောဘက်မလုပ်၍ အချစ်မော်ကွန်းမဝင် ခဲ့ရရှာသော အညာတြချစ်သူရဲကောင်းများလဲ ဦးနှံဒေး ရှိခဲ့ပါသည်။



ထိုမျက်နှာမွဲ ချစ်မော်ကွန်းမဝင်သော အညာတြအပါယ်ခံသူရဲကောင်းတွေ အသချိုအနန္တထဲ မှ သူတို့ဇာတ်လမ်းကိုတင်ပြရမည်ဆိုလျှင်




ခင်ဗျားပုံစံက တမျိုးဘဲနော်
ဘယ်လိုဗျ ဘယ်လို
အော်တခြားမဟုတ်ပါဘူး ခင်ဗျားက တပ်သားသစ် မို့ တပ်ထဲရောက်လာတဲ့နေ့ကစပြီး ခင်ဗျားကို အကဲခတ်နေတာကြာပြီ
ဗျာ! ကျနော့်ကို
ဟုတ်တယ် ခင်ဗျားကို ခင်ဗျားဟာ နေရာတကာမှာအေးသလို အားအားရှိ မှိုင်နေတာကို ကျနော် အားမလိုအားမရ ဖြစ်နေတာဗျ
၄


အသက်တာရာမနေရ အမှုတာရာပွေရဆိုသလိုပေါ့ဗျာ
လူတိုင်းမှာအပူ ရှိကြမှာဘဲ လူတိုင်းတောင်
မေ့မေ့ပျောက်ပျောက်နေနိုင်ရင်
ခင်ဗျားလဲ
လူတိုင်းထဲက လူဘဲဟာ
နေကြည့်ပေါ့
ကျနော်တို့နဲ့
ပျော်ပျော်ပါးပါးလေး
နေကြည့်ပါလား


သိပ်နေချင်တာပေါ့မျာ ဒါပေမဲ့နေလို့မရတာက ခက်တယ်
၆
လူတစု ပုမ္မရယ်တဲ့ ဆယ်ကုဋေ ဆိုကြပေမဲ့ ကျနော်ကတော့ အောက်ပြောလိုက်ချင်ပါရဲ့
ပုသရွေ့ လူတွေတောင် မခံချင်ဘူးဟော့ . . လို့




ခါးတကယ်မတို့ခင်ကယားတယ်လို့ တွန့်ဆိုတဲ့စကားလို၊ ငိုချက်ရက်လက်တို့ဆိုတဲ့စကား လို ဝေဒနာကိုကြေပြာချင်နေတဲ့သူ့အဖို့ပြောတော့မှာပေါ့ ဒါမှလဲ သူ့ရင်ထဲပေါ့သွားမည် မဟုတ်ပါလား . . .




ချစ်သူပေးတဲ့ လက်ဆောင်ကို
ကျနော့်ရင်မှာ ပိုက်ပြီးခါးစည်းခဲ့မယ် သူပေးတဲ့
လက်ဆောင်က ဘာမှတ်သလဲ သိလား
၇
သိသွားလေ
လွမ်းလက်ဆောင်ပေါ့ လွမ်းလက်ဆောင် ချစ်သူပေးတဲ့ လွမ်းလက်ဆောင်လေ ကျေးဇူးပဲကွာ
ချစ်သူ့ဆီက အမှတ်ဆိုလို့ရှိတာချစ် ရခဲ့တာ..
သူများတွေလိုတော့ မလွမ်းတော့ဘို့ ဝမ်းရောင်ခဲ့မှာလဲ
မမျှော်လင့်ဘူး မပါဘဲမရတော့ဘူး


မြတ်မြတ်နိုးနိုး
သိမ်းထားမယ်
ခင်မျှားချစ်သူက
ဒီမြို့ကလား ဟင်
၄
ဒီမြို့ကမဟုတ်ဘူး
တောမြို့လေးတမြို့ကပါဘဲ
သူ့နံမည်က စမ်းသီတာ .. တဲ့
ရွာသာလောင်းဘုရား ပြီးနဲ့
ဆိုရင်များကဘုရားတရား
ရလိမ့်မယ်
သူ့အကြောင်း
ပြောရမယ်ဆိုရင် အဲဒီမြို့က

တနေ့ ဒဲဒီတနေ့ကတော့ မှတ်မှတ်ရရ တနေ့ပါဘဲ ...




မိုးကလဲ အချိန်အခါမဟုတ်ဘဲ ရွာလိုက်တာမှတအား၊ ဒဲဒီမိုးကို သူတကာ အပြစ်တင်ကြတယ်၊ သူတို့ဘက်ကလဲ ဟုတ်တာပေါ့




ဒီမိုးကြောင့် စပါးတွေပျက်ပါပြီ၊ ဘာဖြစ်ပါပြီပေါ့၊ ဒါပေမဲ့ သူတို့အထဲမှာတော့ကျနော်မပါဘူး၊ ကျနော်က ကျေးဇူးတောင်တင်သေး

မပါ ဆိုသူ နဲ့ ကျနော်က အဲဒီမိုးကြောင့် ဆုံခဲ့ကြတာကိုး . . .ဗျ




အဲဒီဘုရားကြီးဘေးက ဆရာတော်ကျောင်းမှာ စာလေးပေလေး လေ့လာမှတ်သားပြီး
ပြန်မယ်လုပ်တုန်း မြန်းဆိုမိုးရွာချလိုက်တာနဲ့




ဆရာတော် အမိန့်အတိုင်း ထီးတလက်ဆွဲပြီး ထွက်လာခဲ့တယ် ...